# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၃၄ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၆-၃-၂၀၁၅ ] ( ကြာသပတေးနေ့ ) နေ့လယ် ၁၂ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၄ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးထန်းလိန်း၊ မင်းတပ် မဲဆန္ဒနယ်၏ **အားကစားတက္ကသိုလ် ဖွင့်လှစ်ရန် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်နှင့် မည်သည့် အချိန် ကာလတွင် စတင်ဖွင့်လှစ်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးခင်မောင်ညို၊ ပေါက် မဲဆန္ဒနယ်၏ **ပေါက်မြို့နယ်အတွင်းရှိ 11KV ဓာတ်အားလိုင်းနှင့် (၂) မိုင်ခန့် အကွာရှိသော ကျေးရွာပေါင်း (၄၀)ခန့်တို့ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း လျှပ်စစ်မီးလင်းပေးနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးနန်းဦး၊ မိုးညို မဲဆန္ဒနယ်၏ **မိုးညိုမြို့နယ်၊ မြို့ပေါ် (၅) ရပ်ကွက်ရှိ လျှပ်စစ်ဓာတ်အားစနစ်ကောင်းမွန်စေရန် ရန်ပုံငွေတောင်းခံခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမင်းဆွေ၊ ဒိုက်ဦး မဲဆန္ဒနယ်၏ **ရန်ကုန်ဆေးရုံကြီး အဆင့်မြင့် ပြုပြင်မွမ်းမံခြင်းကိစ္စနှင့်စပ်လျဉ်းပြီး မည်သည့် ပုဂ္ဂိုလ်များနှင့် မည်သို့ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နေသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဒေါ်အေးမြင့်၊ ရွှေတောင် မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတွင် C ပိုး ရောဂါကုသရန် စီမံချက်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးလှမောင်၊ ချောင်းဆုံ မဲဆန္ဒနယ်၏ **ချောင်းဆုံမြို့နယ်၊ မူးရစ်ကလေး တိုက်နယ်ဆေးရုံအား ခုတင် (၁၆)လုံးမှ (၂၅)လုံးအဆင့်သို့ တိုးချဲ့ ဆောက်လုပ်ပေးရန်၊ လိုအပ်သော ဝန်ထမ်းများခန့်ထားပေးရန်နှင့် ဆရာဝန်နှင့် အခြားအဆင့်ဝန်ထမ်းများ နေထိုင်ရန် ဝန်ထမ်း အိမ်ရာများကို ၂၀၁၄–၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **"မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၄ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၃၅ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။